## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁။ | ငယ်စဉ်ဘဝဖြစ်စဉ်တော်များ | ၁ |
| ၂။ | တမန်တော်မြတ်(ﷺ)၏ ပျိုရွယ်စဉ်ဘဝ | ၂ |
| ၃။ | တမန်တော်မြတ်(ﷺ)၏ အိမ်ထောင်သည်ဘဝ | ၃ |
| ၄။ | နဗူဝသ်အပ်နှင်းခံရတော်မူခြင်း | ၃ |
| ၅။ | တမန်တော်ဘဝတစ်ကဏ္ဍ | ၅ |
| ၆။ | တမန်တော်မြတ်၏သက်တော်(၅၃) ဟိဂျ်ရီ(၁) | ၇ |
| ၇။ | တမန်တော်မြတ်၏သက်တော်(၅၄) ဟိဂျ်ရီ(၂) | ၈ |
| ၈။ | တမန်တော်မြတ်၏သက်တော်(၅၅) ဟိဂျ်ရီ(၃) | ၉ |
| ၉။ | တမန်တော်မြတ်၏သက်တော်(၅၆) ဟိဂျ်ရီ(၄) | ၁၀ |
| ၁၀။ | တမန်တော်မြတ်၏သက်တော်(၅၇) ဟိဂျ်ရီ(၅) | ၁၀ |
| ၁၁။ | တမန်တော်မြတ်၏သက်တော်(၅၈) ဟိဂျ်ရီ(၆) | ၁၁ |
| ၁၂။ | တမန်တော်မြတ်၏သက်တော်(၅၉) ဟိဂျ်ရီ(၇) | ၁၂ |
| ၁၃။ | တမန်တော်မြတ်၏သက်တော်(၆၀) ဟိဂျ်ရီ(၈) | ၁၂ |
| ၁၄။ | တမန်တော်မြတ်၏သက်တော်(၆၁) ဟိဂျ်ရီ(၉) | ၁၃ |
| ၁၅။ | တမန်တော်မြတ်၏သက်တော်(၆၂-၆၃) ဟိဂျ်ရီ(၁၀-၁၁) | ၁၃ |
| ၁၆။ | တမန်တော်မြတ်(ﷺ)၏ ရုပ်ဆင်းသဏ္ဌာန်များ | ၁၄ |
| ၁၇။ | တမန်တော်မြတ်(ﷺ)၏ တစ်နေ့တာဆောင်ရွက်သည့်အလေ့အထတော်များ | ၁၄ |


## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၈။ | တမန်တော်မြတ်(ﷺ) အိမ်တော်တွင်ရှိစဉ် ပြုလုပ်လေ့ရှိသည့်ဓလေ့တော်များ | ၁၉ |
| ၁၉။ | တမန်တော်မြတ်(ﷺ)အိမ်တော်ရှိအသုံးဆောင်များ | ၂၀ |
| ၂၀။ | တမန်တော်မြတ်(ﷺ)၏ ကြင်ယာတော်များ | ၂၂ |
| ၂၁။ | တမန်တော်မြတ်(ﷺ)၏ သမီးတော်များ | ၂၂ |
| ၂၂။ | တမန်တော်မြတ်(ﷺ)၏ သားတော်များ | ၂၃ |
| ၂၃။ | တမန်တော်မြတ်(ﷺ)၏ မြေးတော်များ | ၂၃ |
| ၂၄။ | တမန်တော်မြတ်(ﷺ)၏ဘကြီးတော်နှင့်ဦးလေးများ | ၂၃ |
| ၂၅။ | တမန်တော်မြတ်(ﷺ)၏ ခါလာများနှင့်ဖူဖီများ | ၂၄ |
| ၂၆။ | တမန်တော်မြတ်(ﷺ)၏ ညီအစ်ကိုဝမ်းကွဲများ | ၂၄ |
| ၂၇။ | တမန်တော်မြတ်(ﷺ)၏ ဖခင်ဘက်မှမျိုးဆက်များ | ၂၄ |
| ၂၈။ | တမန်တော်မြတ်(ﷺ)၏ မိခင်ဘက်မှမျိုးဆက်များ | ၂၅ |
| ၂၉။ | သတင်းကောင်းခံရယူသူပုဂ္ဂိုလ်မြတ်(၁၀)ပါး | ၂၅ |
| ၃၀။ | ထင်ရှားသောဂဇ်ဝဟ်စစ်ပွဲကြီးများ | ၂၆ |
| ၃၁။ | ထင်ရှားစရီယဟ်စစ်ပွဲငယ်များ | ၂၆ |
| ၃၂။ | မက္ကဟ်ရွှေမြို့တော်အနီးထင်ရှားသည့်နေရာများ | ၂၇ |
| ၃၃။ | ဟရာမ်ဝတ်ကျောင်းတော်အတွင်းရှိ ထင်ရှားသည့်နေရာများ | ၂၈ |

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၃၄။ | မက္ကာဟ်ရွှေမြို့တော်ရှိထင်ရှားသည့် ဗလီများ | ၂၈ |
| ၃၅။ | မဒီနဟ်ရွှေမြို့တော်ရှိထင်ရှားသည့်နေရာများ | ၂၉ |
| ၃၆။ | နဗဝီဝတ်ကျောင်းတော်၏အတွင်းပိုင်းရှိ ထင်ရှားသည့်နေရာများ | ၃၀ |
| ၃၇။ | မဒီနဟ်ရွှေမြို့တော်ရှိ ထင်ရှားသည့်ရေတွင်းများ | ၃၀ |
| ၃၈။ | မက္ကာဟ်နှင့်မဒီနဟ်ရှိထင်ရှားသည့်တောင်များ | ၃၁ |
| ၃၉။ | ဗိုင်သွလ်မုကဒ်ဒပ်စ်နှင့်အနီးပတ်ဝန်းကျင်ရှိ ထင်ရှားသည့်နေရာများ | ၃၁ |
| ၄၀။ | တမန်တော်မြတ်(ﷺ)၏ ခေတ်ကာလ၌ အစ္စလာမ်အတွင်းသို့ဝင်ရောက်ခဲ့သည့်ဒေသများ | ၃၂ |
| ၄၁။ | တမန်တော်မြတ်(ﷺ)အတွက် အလ္လာဟ့်အစီအမံ | ၃၃ |
| ၄၂။ | တမန်တော်မြတ်(ﷺ)ကြိုက်နှစ်သက်သည့် အစားအစာများ | ၃၅ |
| ၄၃။ | တမန်တော်မြတ်(ﷺ)သွားရောက်ခဲ့သည့်ခရီးစဉ်များ | ၃၇ |

بسم الله والصلوة والسلام على رسول الله

# စီရသွန်နဗီ

## ငယ်စဉ်ဘဝဖြစ်စဉ်တော်များ

၁။ တမန်တော်မြတ်မုဟမ္မဒ်(ﷺ)အား ရဗီအွလ်အောင်ဝလ်လ (၁၂)ရက် ခရစ်သက္ကရာဇ် (၅၇၀)ခုနှစ် ဧပြီလ(၂၁)ရက် တနင်္လာနေ့တွင် မီးရှူးသန့်စင်ဖွားမြင်တော်မူခဲ့ပါသည်။ ဖမည်းတော်မှာ အဗ်ဒုလ္လာဟ်ဖြစ်ပြီး မယ်တော်မှာ အာမိနဟ်သခင်မဖြစ်ပါသည်။

၂။ တမန်တော်မြတ်(ﷺ)ဖွားမြင်တော်မူပြီးနောက် (၇)ရက်မြောက်နေ့တွင် "အကီကဟ်"ပြုတော်မူခဲ့ပါသည်။

၃။ တမန်တော်မြတ်(ﷺ)၏ သက်တော်(၈) ရက်မြောက်သောနေ့တွင် တမန်တော်မြတ်(ﷺ)၏ နို့ထိန်းမိခင် ဟလီမဟ်သခင်မက တမန်တော်မြတ်(ﷺ) အား နို့ချိုတိုက်ကျွေး စောင့်ရှောက်တော်မူခဲ့ပါသည်။

၄။ တမန်တော်မြတ်(ﷺ)၏ သက်တော်(၄)နှစ်တွင် တစ်ကြိမ် ဟလီမဟ် သခင်မက ဆုံတွေ့စေတော်မူခဲ့ပါသည်။

၅။ တမန်တော်မြတ်(ﷺ)၏ သက်တော်(၆)နှစ်အရွယ်တွင်



မယ်တော်အာမိနဟ်သခင်မသည် "အဗ်ဝါ" ဟူသောအရပ်၌ ကွယ်လွန်ခဲ့ပါသည်။ တမန်တော်မြတ်(ﷺ)အား ဘိုးတော် အဗ်ဒွလ်မွသ်သွလိဗ်က ဆက်လက်ပြုစုစောင့်ရှောက်တော်မူခဲ့ပါသည်။

၆။ တမန်တော်မြတ်(ﷺ)၏ သက်တော်(၈)နှစ်သို့ရောက်သောအခါ ဘိုးတော်အဗ်ဒွလ်မွသ်သွလိဗ်လည်း ကွယ်လွန်ခဲ့လေသည်။

## တမန်တော်မြတ်(ﷺ)၏ ပျိုရွယ်စဉ်ဘဝ

၁။ တမန်တော်မြတ်(ﷺ) သက်တော်(၁၂)နှစ်အရွယ်တွင် ခရီးသွားကုန်သည်များနှင့်အတူ ဆီးရီးယားနိုင်ငံသို့ လိုက်ပါသွားခဲ့သည်။ ဆီးရီးယားတွင် ဘုန်းတော်ကြီး "ဘူဟိုင်ရာ" နှင့် တွေ့ဆုံခဲ့ရာ အဆိုပါ ဘုန်းတော်ကြီးက ဤလူငယ်သည် နောက်ဆုံးပွင့်တော်မူမည့် တမန်တော်ဖြစ်မည်ဟု နိမိတ်စကား ဟောကြားခဲ့ပါသည်။

၂။ တမန်တော်မြတ်(ﷺ)သည် သက်တော်(၁၅)နှစ်အရွယ်တွင် "ဖုဂျာရ်"စစ်ပွဲတွင် ပါဝင်ဆင်နွှဲခဲ့ပါသည်။

၃။ တမန်တော်မြတ်(ﷺ) သက်တော်(၁၅)နှစ်အရွယ်တွင် "ဟလ်ဖွလ်ဖုဇူလ်" ပရဟိတ အသင်းအဖွဲ့၏ ငြိမ်းချမ်းရေး ဆွေးနွေးပွဲ၌ ပါဝင်ညှိနှိုင်းဆွေးနွေးတော်မူခဲ့ပါသည်။

၄။ တမန်တော်မြတ်( ﷺ ) သက်တော်(၂၅)နှစ်အရွယ်တွင် ခရီးသွားကုန်သည် အဖွဲ့နှင့်အတူ ဆီးရီးယားနိုင်ငံသို့ ထပ်မံရောက်ရှိခဲ့ပါသည်။ ထိုခရီးတွင် "နတ်စ်သူရာ" အမည်ရှိ ဘုန်းတော်ကြီးတစ်ပါးနှင့် တွေ့ဆုံတော်မူခဲ့ပါသည်။

**တမန်တော်မြတ်( ﷺ )၏ အိမ်ထောင်သည်ဘဝ**

၁။ တမန်တော်မြတ်( ﷺ ) သက်တော်(၂၅)နှစ်အရွယ်တွင် မက္ကာဟ်မြို့တော်၌ ခဒီဂျဟ်(رضي الله عنها)သခင်မနှင့် နိကာဟ်ထိမ်းမြားခဲ့ပါသည်။ မဟရ်ခန်းဝင်ကြေးအဖြစ် ဒိရ်ဟမ်(၅၀၀) ပေးအပ်ခဲ့ပါသည်။

၂။ တမန်တော်မြတ်( ﷺ )၏ သက်တော်(၂၈)နှစ်အရွယ်တွင် သားဦး ဟဇရသ်ကာစင်မ်ကို ဖွားမြင်ခဲ့ပါသည်။

၃။ တမန်တော်မြတ်( ﷺ )၏ သက်တော်(၃၀)တွင် သမီးဦး ဇိုင်နဗ် သခင်မကို ဖွားမြင်ခဲ့ပါသည်။ သခင်မသည် သာဝကကြီး အဗုလ်အားစ်ဗင်န်ရဗီအ်နှင့် လက်ထပ်ခဲ့ပါသည်။

၄။ တမန်တော်မြတ်( ﷺ )၏ သက်တော်(၃၃)နှစ်တွင် ရုကိုင်ယဟ် သခင်မကို ဖွားမြင်ခဲ့ပါသည်။ သခင်မသည် သာဝကကြီး အုဆ်မားန်သခင်နှင့် လက်ထပ်ခဲ့ပါသည်။

၅။ တမန်တော်မြတ်( ﷺ ) သက်တော်(၃၄)နှစ်အရွယ်တွင် အွမ်မေစလ်မဟ်သခင်ကို ဖွားမြင်ခဲ့ပါသည်။ သခင်မသည် မိမိ၏ အစ်မဖြစ်သူ ရုကိုင်ယဟ်သခင်မ ကွယ်လွန်ပြီးနောက်



သာဝကကြီး အုဆ်မားန်သခင်နှင့် လက်ထပ်ခဲ့ပါသည်။

၆။ တမန်တော်မြတ်( ﷺ )၏ သက်တော်(၃၅)နှစ်အရွယ်တွင် ကအ်ဗဟ်ကျောင်းတော်ကြီးကို တဖန်ပြန်လည်မွမ်းမံ တည်ဆောက်ခဲ့ပါသည်။

၇။ တမန်တော်မြတ်( ﷺ )၏ သက်တော်(၃၅)နှစ်အရွယ်တွင် စတုတ္ထ သမီးတော် ဖာသွေမဟ်သခင်မကို ဖွားမြင်ခဲ့ပါသည်။ သခင်မသည် တမန်တော်မြတ်( ﷺ )၏ ညီဝမ်းကွဲတော်စပ်သူ သာဝကကြီးအလီသခင်နှင့် ထိမ်းမြားခဲ့ပြီး ဟစန်နှင့်ဟုစိန် မြေးတော်နှစ်ပါးတို့၏ မိခင်ဖြစ်ခဲ့ပါသည်။

၈။ တမန်တော်မြတ်( ﷺ )သည် မိမိ၏ အချိန်အများစုကို ဟီရာလှိုဏ်ဂူ၌ ကုန်ဆုံးစေခဲ့ပါသည်။

၉။ တမန်တော်မြတ်( ﷺ )၏ အခြားသားတော်များမှာ သွိုင်ယ်ယိဗ်သခင်၊ သွာဟိရ်သခင်နှင့် အဗ်ဒုလ္လာဟ်သခင်တို့ဖြစ်ကြပါသည်။

**နဗူဝသ်အပ်နှင်းခံရတော်မူခြင်း**

၁။ တမန်တော်မြတ်( ﷺ )၏ သက်တော်(၄၀)နှစ်၊ (၆)လ၊ (၁၀)ရက်တွင် ကျမ်းတော်မြတ်ကုရ်အာန်၏ ဝဟီဗျာဒိတ်တော်များ ပို့ချချီးမြှင့်ခြင်းခံခဲ့ရပါသည်။

၂။ တမန်တော်မြတ်( ﷺ )၏ သက်တော် (၄၃)နှစ်အရွယ်တွင် အလ္လာဟ်အရှင်မြတ်တစ်ပါးတည်းသာရှိကြောင်း၊ အခြားကိုး

ကွယ်ယုံကြည်ရာအရှင်ဟူ၍မရှိကြောင်း ဆော်ဩခဲ့ပါသည်။

၃။ ထိုသက်တော်အတွင်းမှာပင် တစ်ရက်လျှင် ဆွလားသ်(၂)ကြိမ် မပျက်မကွက် ဝတ်ပြုကြရန် "ဖရ်ဇ်"တာဝန် ကျရောက်ခဲ့ပါသည်။

၄။ တမန်တော်မြတ်(ﷺ)၏ သက်တော်(၄၅)နှစ်တွင် ဆွဟာဗီ သာဝကကြီးများနှင့်အတူ ဟဗ်ရှဟ်သို့ ခိုလှုံရန် ထွက်ခွာသွားခဲ့ကြရပါသည်။

၅။ တမန်တော်မြတ်(ﷺ)၏ သက်တော်(၄၇)နှစ်တွင် အဘူသွာလိဗ် တောင်ကြားအရပ်၌ နယ်နိမိတ်စည်းခြားလျက် သီးခြားနေ စေရန် တားဆီးပိတ်ပင်ခဲ့ကြပါသည်။

၆။ တမန်တော်မြတ်(ﷺ)၏ သက်တော် (၅၀)အရွယ်တွင် ကြင်ယာတော် ဟဇရသ် ခဒီဂျဟ်(رضي الله عنها) သခင်မကြီးနှင့် ဘကြီးတော် အဗူသွာလိဗ်တို့ ကွယ်လွန်သွားကြသည်။

၇။ တမန်တော်မြတ်(ﷺ)သည် သက်တော်(၅၀)အရွယ်တွင် အစ္စလာမ့်ဒေသနာတော်ကို ဟောပြောဖြန့်ချိရန် အလို့ငှာ တောင်ပေါ်စခန်းမြို့ "သွာအိဖ်" သို့ ကြွမြန်းတော်မူခဲ့ပါသည်။

**တမန်တော်ဘဝတစ်ကဏ္ဍ**

၁။ တမန်တော်မြတ်(ﷺ)သည် သက်တော်(၅၀)အရွယ်တွင် သာဝကကြီး ဟဇရသ် အဘူဗကရ်(رضي الله عنه)၏ သမီးတော် အာအိရှဟ်(رضي الله عنها)သခင်မနှင့် နိကာဟ်ပြုခဲ့ပါသည်။



သခင်မအား တမန်တော်မြတ်(ﷺ)က မဟာရ်ခန်းဝင်ကြေး ဒိရ်ဟမ်(၄၀၀)(သို့မဟုတ်)(၅၀၀) ချီးမြှင့်တော်မူခဲ့ပါသည်။

၂။ တမန်တော်မြတ်(ﷺ)၏ သက်တော်(၅၀) ဝန်းကျင်တွင် မဒီနဟ်မြို့သူမြို့သားများအတွင်းမှ အစ္စလာမ်ကို သက်ဝင်လက်ခံသူများပေါ်ပေါက်လာပြီဖြစ်ပါသည်။ ၎င်းတို့အတွင်းမှ ဦးစွာပထမ အစ္စလာမ်သို့ သက်ဝင်လာသူ ပုဂ္ဂိုလ်မှာ သာဝကကြီး အယာစ်ဗင်န်မုအားဇ်(رضي الله عنه) ဖြစ်ပါသည်။

၃။ တမန်တော်မြတ်(ﷺ)သည် သက်တော်(၅၁)နှစ်၌ မိအ်ရားဂျ်(ကောင်းကင်ဘုံ) ခရီးကြွမြန်းတော်မူခဲ့ပါသည်။ တစ်ရက်လျှင် ဆွလားသ်(၅)ကြိမ် မပျက်မကွက် ဝတ်ပြုရန် ဖရ်ဇ်တာဝန် သတ်မှတ်ပြဋ္ဌာန်းတော်မူခဲ့ပါသည်။

၄။ တမန်တော်မြတ်(ﷺ)သည် သက်တော်(၅၂)နှစ်သို့ ရောက်သော် မဒီနဟ်မြို့သားတို့အနက်မှ အစ္စလာမ်ကို လက်ခံယုံ ကြည်ထားသူ (၆)ဦးသည် တမန်တော်မြတ်(ﷺ)ထံ ပထမဆုံးအကြိမ် ဗိုင်အသ် သစ္စာခံယူမှု ပြုတော်မူခဲ့ကြပါသည်။

၅။ တမန်တော်မြတ်(ﷺ)၏ သက်တော်(၅၃)နှစ်အရွယ်တွင် မဒီနဟ်မြို့တော်မှ ပုဂ္ဂိုလ်(၁၂)ဦး ရောက်ရှိလာကာ ဒုတိယနှင့် တတိယအကြိမ် တမန်တော်မြတ်(ﷺ)ထံ သစ္စာခံယူမှု ပြုခဲ့ကြပါသည်။

## တမန်တော်၏ သက်တော်(၅၃)နှစ်၊ ဟိဂျ်ရီ(၁)ခုနှစ်

၁။ တမန်တော်မြတ်(ﷺ)သည် မက္ကဟ်မြို့မှ ထွက်တော်မူပြီးနောက် လမ်းခရီးတွင်ရှိသော "ဆောရ်" လိုဏ်ဂူ၌ (၄)ရက်ခန့် ခရီးတစ်ထောက်နားတော်မူပါသည်။ ထို့နောက် မဒီနဟ်မြို့သို့ ဆက်လက်ထွက်ခွာခဲ့ပါသည်။

၂။ မဒီနဟ်မြို့သို့ မရောက်မီ ကုဗာဟ်မြို့တွင် (၄)ရက်ခန့် နေထိုင်တော်မူခဲ့ပါသည်။

၃။ မဒီနဟ်မြို့တော်သို့ တမန်တော်မြတ်(ﷺ) ရောက်ရှိလာပြီးနောက် ပထမဦးဆုံး ဂျုမုအဟ် ခုသ်ဗဟ်နှင့် ဆွလားသ်ကို ဂျမာအသ်နှင့်တကွ ဝတ်ပြုတော်မူခဲ့ပါသည်။

၄။ မဒီနဟ်မြို့ရှိ နဗဝီဝတ်ကျောင်းတော်ကို အုတ်မြစ်ချ ဆောက်လုပ်တော်မူခဲ့ပါသည်။

၅။ ယခင်(၂)ရကအသ်စီသာ ဝတ်ပြုခဲ့ကြရသော ဇုဟ်ရ်၊ အဆွရ်နှင့် အိရှာ ဆွလားသ်များကို (၄)ရကအသ်စီ ဝတ်ပြုကြရန် တမန်တော်မြတ်(ﷺ) က မိန့်တော်မူခဲ့ပါသည်။

၆။ မဒီနဟ်မြို့တော်တွင် မက္ကဟ်မြို့မှ ပြောင်းရွှေ့လာကြသူ မွတ်စ်လင်မ်များနှင့် မဒီနဟ်မြို့ခံ မွတ်စ်လင်မ်များအကြား တမန်တော်မြတ်(ﷺ) ကိုယ်တော်တိုင် ညီအစ်ကိုဖွဲ့နှောင်ပေးတော်မူခဲ့ပါသည်။

၇။ တမန်တော်မြတ်(ﷺ) က မဒီနဟ်မြို့တော်ရှိ ယဟူဒီများနှင့် မွတ်စ်လင်မ်များ ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ကြ



ရေးအတွက် နှစ်ဖက်သဘောတူ ငြိမ်းချမ်းရေးစာချုပ်ကို ချုပ်ဆိုပေးတော်မူခဲ့ပါသည်။

၈။ တမန်တော်မြတ်(ﷺ) ကိုယ်တော် တိုင်ပါဝင်ခြင်းမရှိသော တိုက်ပွဲငယ် "စရီယဟ်" (၃)ကြိမ် ဖြစ်ပွားခဲ့ပါသည်။ စိုင်ဖွလ်ဘဟဲရ်၊ ရာဘစ်ဂ်နှင့် ခရာရား တိုက်ပွဲငယ်များ ဖြစ်ကြပါသည်။

၉။ မဒီနဟ်မြို့ရှိ နဗဝီဝတ်ကျောင်းတော်တွင် ပထမဆုံးအကြိမ် အဇာန်ဆို၍ ဆွလာသ်ဝတ်ပြုရန် ဖိတ်ခေါ်ခြင်းကို စတင်ခဲ့ပါသည်။

## တမန်တော်မြတ်(ﷺ) သက်တော်(၅၄)နှစ်၊ ဟိဂျ်ရီ (၂)ခုနှစ်

၁။ စစ်ပွဲကြီးငယ် (၅)ကြိမ်ဖြစ်ပွားခဲ့ပါသည်။ အရေးပါဆုံးမှာ "ဗဒရ်"စစ်ပွဲဖြစ်ပါသည်။ တမန်တော်မြတ် (ﷺ)ကိုယ်တိုင် ဦးဆောင်ပါဝင်ဆင်နွှဲခြင်းဖြစ်ပါသည်။

၂။ သမီးတော် ဟဇရသ်ဖာသွေမဟ်(رضي الله عنها) သခင်မကို တမန်တော်မြတ်(ﷺ)သည် ညီဝမ်းကွဲဖြစ်သူ ဟဇရသ်အလီ (رضي الله عنه) နှင့် နိကာဟ်မင်္ဂလာပြုလက်ထပ်ထိမ်းမြားပေးတော်မူခဲ့ပါသည်။

၃။ မွတ်စ်လင်မ်တို့ ဆွလားသ်ဝတ်ပြုရာတွင် ယခင်ဂျေရုဆလင်မြို့ရှိ ဗိုင်သွလ်မုကဒ်ဒပ်စ်ကျောင်းတော်ဘက်သို့ မျက်နှာမူ "ကိဗ်လဟ်"ပြုရာမှ မက္ကဟ်မြို့တော်ရှိ ကအ်ဗဟ်ကျောင်းတော်ဘက်သို့ ပြောင်းလဲမျက်နှာမူကြရန် သတ်မှတ်ပေးတော်မူခဲ့ပါသည်။

၄။ မွတ်စ်လင်မ်တိုင်း ရမဇာန်လမြတ်၌ မပျက်မကွက် ဆွိယာမ် ရှိဖဟ်ဥပုသ်စောင့်ထိန်းကြရမည်ဟု ဖရဇ်တာဝန်သတ်မှတ် ပေးတော်မူခဲ့ပါသည်။

၅။ ဆွဒ်ကသွလ်ဖိသ်ရ်နှင့် ကုရ်ဗာနီဝါဂျိဗ်ဖြစ်ခဲ့ပါသည်။

၆။ မွတ်စ်လင်မ်တို့သည် ပထမဆုံးအကြိမ် "အီဒွလ်ဖိသ်ရ်" ဝါကျွတ်အီးဒ်ဆွလားသ်နှင့် "အီဒွလ်အဗွ်ဟာ" ကုရ် ဘာနီ အီးဒ်ဆွလားသ်တို့ကိုဝတ်ပြုခဲ့ကြပါသည်။

၇။ အစ္စလာမ်ကို ကာကွယ်ရန်အတွက် ဂျိဟားဒ် ခုခံစစ်ကို ဆင်နွှဲကြရန် "ဖရဇ်" တာဝန်သတ်မှတ်ပေးတော် မူခဲ့ပါသည်။

၈။ "ဇကားသ်" ဒါနကြေးအလှူ မပျက်မကွက်ပေးကြရန် ဖရဇ်တာဝန်အဖြစ် သတ်မှတ်ပေးတော်မူခဲ့ပါသည်။

၉။ တမန်တော်မြတ်(ﷺ)ထံ ဒရူးဒ်ရှရီးဖ်နှင့် စလာမ်မေတ္တာ ပို့သကြရန် အမိန့်ချမှတ်ပေးတော်မူခဲ့ပါသည်။

**တမန်တော်မြတ်(ﷺ) သက်တော်(၅၅)နှစ်၊ ဟိဂျ်ရီ (၃)ခုနှစ်**

၁။ စစ်ပွဲကြီး(၄)ကြိမ် ဆင်နွှဲတော်မူခဲ့ရပါသည်။ အကျော်ကြား ဆုံးမှာ "အုဟုဒ်"စစ်ပွဲကြီးဖြစ်ပါသည်။

၂။ စရီယဟ်(ခေါ်)တိုက်ပွဲငယ်(၂)ခုကိုလည်း ဆင်နွှဲခဲ့ရပါသည်။

၃။ တမန်တော်မြတ်(ﷺ)သည် ဟဖ်ဆွဟ်(رضي الله عنها) သခင်မနှင့် ထိမ်းမြားမင်္ဂလာပြုတော်မူခဲ့ရာတွင် မဟာရ်ခန်းဝင်ကြေး ဒိရ်ဟမ် (၅၀၀) ချီးမြှင့်တော်မူခဲ့ပါသည်။



၄။ (ကုန္နူးသေနာဇီလဟ်) ကာဖိရ်များအား ကျိန်စာတိုက်သည့် ဒိုအာကို ဖတ်ရွတ်ကြရန် တမန်တော်မြတ်(ﷺ) သင်ကြား ပြသ အမိန့်ချမှတ်ပေးတော်မူခဲ့ပါသည်။

**တမန်တော်မြတ်(ﷺ) သက်တော်(၅၆)နှစ်၊ ဟိဂျ်ရီ (၄)ခုနှစ်**

၁။ တမန်တော်မြတ်(ﷺ)သည် ခုဇိုင်မဟ်၏ သမီးတော် ဇိုင်နဗ်သခင်မ(رضي الله عنها)နှင့် မဟာရ်ခန်းဝင်ကြေး ဒိရ်ဟမ် (၅၀၀) ချီးမြှင့်တော်မူ၍ နိကာဟ်ထိမ်းမြားခဲ့ပါသည်။

၂။ စရီယဟ် ခေါ် တိုက်ပွဲငယ်(၄)ကြိမ် ဖြစ်ပွားခဲ့သည်။

၃။ တမန်တော်မြတ်(ﷺ) ကိုယ်တော်တိုင် ပါဝင်ဆင်နွှဲခဲ့သော စစ်ပွဲကြီး(၃)ကြိမ်ဖြစ်ပွားခဲ့ပါသည်။

၄။ အရက်သေစာနှင့် မူးယစ်ဆေးသောက်သုံးခြင်းကို "ဟရာမ်" ပိတ်ပင်တားမြစ်သည့် အမိန့်ထုတ်ပြန်ခဲ့ပါသည်။

၅။ တမန်တော်မြတ်(ﷺ)သည် "အွမ်မေစလ်မဟ်" သခင်မအား မဟာရ်ခန်းဝင်ကြေး ဒိရ်ဟမ်(၁၀) ချီးမြှင့်တော် မူ၍ ထိမ်းမြားလက်ထပ်တော်မူခဲ့ပါသည်။

**တမန်တော်မြတ်(ﷺ) သက်တော်(၅၇)နှစ်၊ ဟိဂျ်ရီ (၅)ခုနှစ်**

၁။ တမန်တော်မြတ်(ﷺ)သည် ဇိုင်နဗ်ဗင်န်သေဂျဟ်ရှ် သခင်မနှင့် မဟာရ်ခန်းဝင်ကြေး ဒိရ်ဟမ်(၅၀၀)ချီးမြှင့် တော်မူ၍ နိကာဟ်ပြုထိမ်းမြားခဲ့ပါသည်။

၂။ စရီယဟ် တိုက်ပွဲငယ် (၁)ကြိမ်ဖြစ်ပွားခဲ့ပါသည်။

၃။ တိုက်ပွဲကြီး(၄)ကြိမ် ဖြစ်ပွားခဲ့ပြီး အဟ်ဇာဗ် စစ်ပွဲမှာ အကျော်ကြားဆုံး ဖြစ်ပါသည်။

၄။ အခက်အခဲရှိသောသူတို့အတွက် ဝုဇူအစား သယမ်မွမ်ပြုလုပ်ကြရန် တမန်တော်မြတ်(ﷺ)ကိုယ်တော်တိုင်က သင်ကြားပြသပေးပြီး အမိန့်သတ်မှတ်ပေးတော်မူခဲ့ပါသည်။

၅။ အမျိုးသမီးများအား ဟိဂျာဗ်ဝတ်ဆင်ရန်အမိန့်ကို တမန်တော်မြတ်(ﷺ) က ထုတ်ပြန်ကြေညာတော်မူခဲ့ပါသည်။

**တမန်တော်မြတ်(ﷺ) သက်တော်(၅၈)နှစ်၊ ဟိဂျ်ရီ (၆)ခုနှစ်**

၁။ တိုက်ပွဲငယ်ပေါင်း(၁၃)ကြိမ် ဖြစ်ပွားခဲ့သည်။

၂။ မက္ကာဟ်မြို့အနီး "ဟုဒိုင်ဗီယဟ်"အမည်ရှိသော အရပ်၌ တမန်တော်မြတ်(ﷺ) နှင့် ကာဖိရ်များအကြားတွင် "ဟိုဒိုင်ဗီယဟ်စာချုပ်"ဟု သမိုင်းတွင်သည့် ငြိမ်းချမ်းရေးစာချုပ်ချုပ်ဆိုနိုင်ခဲ့ပါသည်။

၃။ ဟုဒိုင်ဗီယဟ်အရပ်ဒေသမှာပင် ဆွဟာဗဟ် သာဝကကြီးများသည် တမန်တော်မြတ်(ﷺ) အား သက်ဆုံးတိုင် သစ္စာရှိကြမည်ဖြစ်ကြောင်း ကတိသစ္စာခံယူမှု ဘိုင်အသေရိဒ်ဝါန်ပြုခဲ့ကြပါသည်။

၄။ ကမ္ဘာတစ်လွှားရှိ အုပ်စိုးသူ ဘုရင်မင်းဧကရာဇ်များထံ သဝဏ်လွှာများပါးကာ၊ အစ္စလာမ်သို့ ဝင်ရောက်ကြပါရန် တမန်တော်မြတ်(ﷺ)က ဖိတ်မန္တကပြုတော်မူခဲ့ပါသည်။



၅။ တမန်တော်မြတ်(ﷺ)သည် ဂျိုဝိုင်ရီယဟ်(رضي الله عنها) သခင်မနှင့် ဒိရ်ဟမ်(၅၀၀) မဟာရ်ခန်းဝင်ကြေးပေး၍ နိကာဟ်ပြုခဲ့ပါသည်။

၆။ ဟဂ်ျပြုလုပ်ကြရန် ဖရဇ်တာဝန်အမိန့်တော်ကို ထုတ်ပြန်ကြေညာတော်မူခဲ့ပါသည်။

**တမန်တော်မြတ်(ﷺ) သက်တော်(၅၉)နှစ်၊ ဟိဂျ်ရီ (၇)ခုနှစ်**

၁။ တမန်တော်မြတ်(ﷺ)သည် ဆွဖီယဟ်သခင်မနှင့် နိကာဟ်ပြုခဲ့ပါသည်။

၂။ တမန်တော်မြတ်(ﷺ)သည် မိုင်မူနဟ်(رضي الله عنها) သခင်မအား မဟာရ်ခန်းဝင်ကြေး ဒိရ်ဟမ်(၅၀၀) ချီးမြှင့်တော်မူ၍ နိကာဟ်ပြုခဲ့ပါသည်။

၃။ တမန်တော်မြတ်(ﷺ)သည် အုမ္မေဟဗီဗဟ်(رضي الله عنها) သခင်မအား မဟာရ်ခန်းဝင်ကြေး ဒိရ်ဟမ်(၄၀၀)(သို့)(၅၀၀) ချီးမြှင့်တော်မူ၍ နိကာဟ်ပြုခဲ့ပါသည်။

၄။ "ခိုင်ဗရ်" စစ်ပွဲကြီး ဖြစ်ပွားခဲ့သည်။

၅။ စရီယဟ် တိုက်ပွဲငယ်(၉)ကြိမ် ဖြစ်ပွားခဲ့သည်။

**တမန်တော်မြတ်(ﷺ) သက်တော်(၆၀)နှစ်၊ ဟိဂျ်ရီ (၈)ခုနှစ်**

၁။ တိုက်ပွဲငယ်(၅)ကြိမ်ဖြစ်ပွားခဲ့သည်။

၂။ မက္ကာဟ်အောင်နိုင်သည့်စစ်ပွဲ၊ ဟုနိုင်းန်နှင့် သွာအိဖ် စသည့် စစ်ပွဲကြီး(၃)ကြိမ် ဖြစ်ပွားခဲ့သည်။

၃။ တမန်တော်မြတ်(ﷺ)သည် ဆွဟာဗဟ်များနှင့်အတူ အွမ်ရဟ်ပြုလုပ်ခဲ့သည်။ ၎င်းအွမ်ရဟ်ကို ဂျိအ်အိရ်ရာနဟ်ဟု ခေါ်သည်။

**တမန်တော်မြတ်(ﷺ) သက်တော်(၆၁)နှစ်၊ ဟိဂျ်ရီ (၉)ခုနှစ်**

၁။ တိုက်ပွဲငယ်(၆)ကြိမ် ဖြစ်ပွားခဲ့သည်။

၂။ နောက်ဆုံးစစ်ပွဲကြီးဖြစ်သော သဗူးက် စစ်ပွဲဖြစ်ပွားခဲ့သည်။

၃။ ဟဂ်ျပြုရန် ဖရဇ် အမိန့်ကျရောက်ခဲ့သည်။ သာဝကကြီး အဗူဗကရ် ဆွိဒ်ဒီးက်သခင်သည် ဟဂ်ျပြုလုပ်ရန်သွားသည့် သူများအား လမ်းညွှန်မှုများပေးခဲ့သည်။

၄။ မုနာဖိက်များက မွတ်စ်လင်မ်များအား ဒုက္ခပေးရန် တည်ဆောက်ခဲ့သော ဒွရားရ်ဗလီကို မီးရှို့ဖျက်ဆီးခဲ့သည်။

၅။ အတိုးစားခြင်း ဟရာမ်ဖြစ်ကြောင်း တားမြစ်ပိတ်ပင်သည့် အမိန့် ကျရောက်ခဲ့သည်။

၆။ ဟဗ်ရှဟ်ဘုရင် အဇီဆီးနီးယား ကွယ်လွန်ခဲ့သည်။

၇။ ကာဖိရ်များထံမှ ဂျိဇ်ယဟ် ခေါ် အသက်အိုးအိမ်စည်းစိမ် လုံခြုံမှုအတွက် အခွန်အခကို သတ်မှတ်ပြဋ္ဌာန်းခဲ့သည်။

**တမန်တော်မြတ်(ﷺ) သက်တော်(၆၂-၆၃)နှစ်၊ ဟိဂျ်ရီ (၁၀-၁၁)ခုနှစ်**

၁။ တမန်တော်မြတ်(ﷺ)၏ သားတော် ဟဇရသ်အိဗ်ရာဟီမ် (رضي الله عنه)ကို ဖွားမြင်တော်မူခဲ့ပါသည်။

၂။ နေကြတ်ခဲ့ပြီး နေကြတ်နမားဇ်ဝတ်ပြုကြရန် တမန်တော်မြတ်(ﷺ)က မိန့်တော်မူခဲ့သည်။ နေကြတ်နမားဇ်ကို "ဆွလားသွလ်ကုဆူးဖ်"ဟု ခေါ်သည်။



၃။ တမန်တော်မြတ်(ﷺ)သည် "ဟဂ်ျဂျသုလ်ဝိဒါအ်" နောက်ဆုံးနှုတ်ဆက်ဟဂ်ျကို ပြုတော်မူခဲ့ပါသည်။

၄။ တမန်တော်မြတ်(ﷺ)၏ ကျန်းမာရေး ချို့တဲ့လာပါသည်။

၅။ တမန်တော်မြတ်(ﷺ)သည် ရဗီအုလ်အောင်ဝလ်လ(၁၂) ရက်တွင် ဝဖားသ်ကွယ်လွန်တော်မူခဲ့သည်။ (ခရစ်သက္ကရာဇ် အရ ၆၃၄-ခုနှစ် ဇွန်လဖြစ်သည်။)

**တမန်တော်မြတ်(ﷺ) ၏ ရုပ်ဆင်းသဏ္ဌာန်များ**

၁။ တမန်တော်မြတ်(ﷺ)၏ မျက်နှာတော်သည် လပြည့်ဝန်းပမာ ပြည့်ဖြိုးတောက်ပလျက်ရှိပါသည်။

၂။ တမန်တော်မြတ်(ﷺ) ၏ အရပ်အမောင်းမှာ မနိမ့်လွန်း မမြင့်လွန်း တင့်တယ်သော အရပ်အမောင်းရှိတော်မူပါသည်။

၃။ တမန်တော်မြတ်(ﷺ)၏ ဦးခေါင်းတော်သည် ကြည့်ပျော်ရှုပျော် ညီညွတ်သော၊ သပ်ရပ်တင့်တယ် ဂုဏ်မြောက်သည့် အချင်းလက္ခဏာတော်နှင့် ပြည့်စုံတော်မူပါသည်။

၄။ တမန်တော်မြတ်(ﷺ)၏ ဆံကေသာတော်မှာ ညီညာပြေပြစ်ပျော့ပြောင်းသော အထုအအုံကောင်းသော

လှိုင်းတွန့်ပါသည့် ဆံတော်မျိုးဖြစ်ပါသည်။

၅။ တမန်တော်မြတ်(ﷺ)၏ ဆံတော်အုံ အလယ်၌ ခွဲကြောင်းထင်လျက် ဘယ်ညာအညီအညာဖြာလျက် ရှိပါသည်။

၆။ တမန်တော်မြတ်(ﷺ)သည် မိမိ၏ဆံတော်ကို နားနုအထိ ထားတော်မူပါသည်။

၇။ တမန်တော်မြတ်(ﷺ)၏ မျက်နှာတော်မှာ စိုစွတ်ဝင်းလက်ပြီး အလွန်တရာမှပင် နူးရဲရောင်ခြည်ဖြင့် ပြည့်စုံလျက် ရှိပါသည်။

၈။ တမန်တော်မြတ်(ﷺ)၏ နဖူးတော်မှာ ကျယ်ဝန်းတော်မူပါသည်။

၉။ တမန်တော်မြတ်(ﷺ)၏ မျက်ခုံးတော်များမှာ ထူထဲ၊ ညီညာစွာ ရှိပါသည်။

၁၀။ တမန်တော်မြတ်(ﷺ)၏ မျက်ခုံးတော်နှစ်ခုအကြား အနည်းငယ်ခြားလျက် ရှိတော်မူပါသည်။

၁၁။ တမန်တော်မြတ်(ﷺ)၏ မျက်ခုံးတော်နှစ်ခုကြားတွင် သွေးကြောတစ်ချောင်းရှိပါသည်။ ထိုသွေးကြောသည် တမန်တော်မြတ်(ﷺ) အမျက်ဒေါသထွက်လျှင် ဖောင်းကြွ



လာလေ့ရှိသည်။

၁၂။ တမန်တော်မြတ်(ﷺ)၏ နှာခေါင်းတော်မှာ ဖြောင့်စင်းပြီး တင့်တယ်လှပါသည်။

၁၃။ တမန်တော်မြတ်(ﷺ)၏ မုတ်ဆိတ်တော်သည် နက်မှောင်၍ ထူထဲပါသည်။

၁၄။ တမန်တော်မြတ်(ﷺ)၏ မျက်လုံးအိမ်များမှာ ကျယ်ဝန်းပြီး အနက်ရောင်ဖြစ်ပါသည်။

၁၅။ တမန်တော်မြတ်(ﷺ)၏ ပါးတော်မှာ ချောမွေ့ပြီး ပါးစုံထွက်၍ ချပ်ချပ်ရပ်ရပ် ရှိပါသည်။

၁၆။ တမန်တော်မြတ်(ﷺ)၏ နှုတ်တော်မှာ အလယ်အလတ်အရွယ် ရှိပါသည်။

၁၇။ တမန်တော်မြတ်(ﷺ)၏ သွားတော်မှာ ညီညာပြီး တောက်ပသော အဆင်းရောင်ရှိပါသည်။ ရှေ့ဆုံးသွားတော်နှစ်ချောင်းကြား တွင် အနည်းငယ်ခြားလျက်ရှိပါသည်။

၁၈။ တမန်တော်မြတ်(ﷺ)၏ ခန္ဓာကိုယ်တစ်ခုလုံး အရွယ်အစားမှာ အနေတော်ခန့် ရှိပါသည်။

၁၉။ တမန်တော်မြတ်(ﷺ)၏ ရင်ဘတ်တော်နှင့် ဝမ်းဗိုက်တော်တို့သည် အရွယ်ညီလျက်ရှိပါသည်။

၂၀။ တမန်တော်မြတ်(ﷺ)၏ ခန္ဓာကိုယ်ရှိ အရိုးအဆစ်များသည် ခိုင်မာတောင့်တင်းပါသည်။

၂၁။ တမန်တော်မြတ်(ﷺ)၏ လက်မောင်းတော်နှစ်ဖက်နှင့် ရင်ဘတ်အပေါ်ပိုင်းတွင် အမွေးအမျှင်များရှိပါသည်။

၂၂။ တမန်တော်မြတ်(ﷺ)၏ လက်ဖဝါးတော်များသည် ကျယ်ပြန့်ပါသည်။

၂၃။ တမန်တော်မြတ်(ﷺ)၏ လက်ချောင်းကလေးများနှင့် ခြေချောင်းကလေးများသည် အနေတော်ခန့် ရှည်လျားပါသည်။

၂၄။ တမန်တော်မြတ်(ﷺ)၏ ခြေဖဝါးတော်သည် အတွင်းဘက်သို့ အနည်းငယ်ချိုင့်ဝင်နေပါသည်။

၂၅။ တမန်တော်မြတ်(ﷺ) လမ်းလျှောက်သည့်အခါ မိမိ၏ခြေတော်ကို မြေပြင်ပေါ်၌ ခပ်ဖွဖွထားတော်မူ၍ လျှောက်လှမ်းလေ့ရှိပါသည်။

၂၆။ တမန်တော်မြတ်(ﷺ) လမ်းလျှောက်သည့်အခါ သွက်သွက်လက်လက် လျှောက်လှမ်းလေ့ရှိပါသည်။

၂၇။ တမန်တော်မြတ်(ﷺ)သည် တစ်စုံတစ်ရာဘက်သို့ ကြည့်သောအခါ မိမိ၏ ခန္ဓာကိုယ်တစ်ခုလုံးကို လှည့်၍



ကြည့်ရှုတော်မူလေ့ရှိပါသည်။

၂၈။ တမန်တော်မြတ်(ﷺ)သည် မိမိ၏ မျက်လွှာကို ချ၍နေတော်မူလေ့ရှိသည်။

၂၉။ တမန်တော်မြတ်(ﷺ)၏ အရှုသည် များသောအားဖြင့် မြေပြင်ဘက်သို့ ထားလေ့ရှိသည်။ တစ်ခါတစ်ရံသာ ကောင်းကင်ဘက်သို့ မော့ကြည့်လေ့ရှိသည်။

၃၀။ တမန်တော်မြတ်(ﷺ)သည် တစ်ဦးတစ်ယောက်ကို ကြည့်သောအခါ အာရုံစူးစိုက်၍ ကြည့်တော်မူလေ့မရှိပါ။

၃၁။ တမန်တော်မြတ်(ﷺ)သည် တစ်စုံတစ်ဦးနှင့် တွေ့ဆုံသောအခါ ဦးစွာ စလာမ်ပေးလေ့ရှိသည်။

**တမန်တော်မြတ်(ﷺ)၏ တစ်နေ့တာဆောင်ရွက်သည့် အလေ့အထတော်များ**

တမန်တော်မြတ်(ﷺ)သည် မိမိအိမ်တော်တွင်ရှိနေစဉ် အချိန်ကို (၃)ပိုင်းခွဲ၍ ပြုလုပ်တော်မူလေ့ရှိသည်။

၁။ အလ္လာဟ်အရှင်မြတ်အား အိဗာဒသ်ပြုလုပ်ရန်အတွက်

၂။ မိမိ၏ မိသားစုများအတွက်

၃။ မိမိကိုယ်တိုင်အတွက်

တမန်တော်မြတ်(ﷺ)သည် မိမိကိုယ်တိုင်၏ အချိန်ကို

(၂)ပိုင်း ခွဲ၍ ပြုလုပ်တော်မူလေ့ရှိသည်။

၁။ ဆွဟာဗဟ်သာဝကများနှင့် တွေ့ဆုံရန်အတွက်

၂။ မိမိကိုယ်တိုင် အနားယူရန်အတွက်

**တမန်တော်မြတ်(ﷺ) အိမ်တော်တွင်ရှိစဉ် ပြုလေ့ရှိသည့် ဓလေ့တော်များ**

၁။ တမန်တော်မြတ်(ﷺ)သည် မိမိ၏ဖိနပ်တော်ကို နေ့စဉ် ကိုယ်တိုင်ပြုပြင်လေ့ရှိပါသည်။

၂။ တမန်တော်မြတ်(ﷺ)သည် မိမိ၏အဝတ်အထည်များကို ကိုယ်တော်တိုင် လျှော်ဖွတ်လေ့ရှိပါသည်။ အိမ်တွင်မွေးထားသည့် ဆိတ်များမှ ဆိတ်နို့ကိုလည်း ကိုယ်တော်တိုင်ပင် ညှစ်တော်မူလေ့ရှိပါသည်။ အိမ်မှုကိစ္စများတွင်လည်း ကိုယ်တော်တိုင် ဝင်ရောက်ကူညီလေ့ရှိတော်မူပါသည်။

၃။ တမန်တော်မြတ်(ﷺ)သည် မိမိကြင်ယာတော်တို့၏ အိမ်မှုကိစ္စများ ကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးတော်မူလေ့ရှိပါသည်။

၄။ တမန်တော်မြတ်(ﷺ)သည် မိမိ၏အဝတ်များတွင် တွယ်ကပ်လေ့ရှိသော ဖုံ၊ သဲ၊ စသည်တို့ကို မိမိကိုယ်တိုင်ပင် ရှင်းလင်းသုတ်သင်လေ့ရှိပါသည်။



၅။ တမန်တော်မြတ်(ﷺ)သည် နေ့လည်နေ့ခင်း အချိန်များတွင် ကိုင်လူလာ(ခေါ်)အနည်းငယ်ကြာ အနားယူ မှေးစက်လေ့ရှိတော်မူပါသည်။

၆။ တမန်တော်မြတ်(ﷺ)သည် မိမိအိမ်၌ မိသားစုများ အလုပ်များနေချိန်၌ အခြားသူတို့အနှောင့်အယှက် မဖြစ်စေရန် တိတ်ဆိတ်စွာ နေတော်မူလေ့ရှိပါသည်။

၇။ တမန်တော်မြတ်(ﷺ)သည် မိမိအိမ်၌ရှိနေစဉ် နမားဇ်ဝတ်ပြုရန် အချိန်ရောက်သည့်အခါ ဗလီဝတ်ကျောင်းတော်သို့ သွားရောက်၍ နမားဇ်ဝတ်ပြုလေ့ရှိပါသည်။

၈။ တမန်တော်မြတ်(ﷺ)သည် မိမိ၏ကြင်ယာတော် တစ်ဦးချင်းစီအား နှစ်စဉ်နှစ်တိုင်း စွန်ပလွံသီး ဝစပ်က်(၈၀)နှင့် မုယောစပါး ဝစပ်က်(၂၀)စီ ပေးတော်မူလေ့ရှိပါသည်။

**မှတ်ချက် - ဝစပ်က်(၁)ခုသည် ဆွာအ်(၆၀)နှင့်ညီပါသည်။ ဆွာအ်(၁)ခုသည် (၄. ၃)ကီလိုနှင့် ညီပါသည်။**

**တမန်တော်မြတ်(ﷺ)အိမ်တော်ရှိ အသုံးအဆောင်ပစ္စည်းများ**

၁။ သတ္တုဖြင့်အနားကွပ်ထားသော သစ်သားခွက်ကြီးတစ်လုံး

၂။ သားရေမွေ့ရာတစ်ခုနှင့် စွန်ပလွံရွက်ဖျင်စဖြင့် ပြုလုပ်ထားသည့် မွေ့ယာခင်း

၃။ နေ့အချိန် အခင်းအဖြစ် အသုံးပြုပြီး ညအချိန်တွင် လိုက်ကာအဖြစ် အသုံးပြုသည့် ဖျာတစ်ချပ်

၄။ ဝုဇူပြုရန် ပန်းကန်လုံး(၁)လုံး၊ မိစ်ဝါးက်တံပူစားရန် ပန်းကန်လုံး(၁)လုံးနှင့် ရေသောက်ရန်ပန်းကန်လုံး(၁)လုံး၊ စားပွဲတစ်ခုစာ ပမာဏရှိသော သားရေစားပွဲခင်းတစ်ခု

၅။ အဖြူရောင်ဦးထုပ်(၁)လုံး၊ အနက်ရောင်ဦးထုပ်(၁)လုံး၊ သားရေခြေစွပ်(၁)စုံ၊ စုရ်မာ၊ ရေမွှေး၊ ဘီး၊ လက်စွပ်၊ မိစ်ဝါးက်

၆။ ညအချိန်ဆီးစွန့်ရန် အိပ်ယာအောက်၌ ထားရှိသော သစ်သားဇလုံတစ်ခု

၇။ အနီရောင်ချည်ဖြင့် ယက်လုပ်ထားသော ဖျင်စ(၁)စ တစ်ခါ တစ်ရံ လုံချည်အဖြစ် ဆင်မြန်းတော်မူလေ့ရှိပြီး တစ်ခါတစ်ရံ ကိုယ်ပေါ်၌ ရုံလေ့ရှိပါသည်။

၈။ အနက်ရောင်ခေါင်းပေါင်းစ(၁)စ၊ ခေါင်းပေါင်းသည့်အခါ ခေါင်းပေါင်းစကို ပုခုံးနှစ်ဖက်အကြား ကျောပေါ်တွင် ချထားတော်မူလေ့ရှိသည်။

၉။ ဝူဇ်ဗဟ်အင်္ကျီအရှည်(၁)ထည်

၁၀။ သံချပ်ကာအင်္ကျီ(၂)ထည်

၁၁။ ဆံတော်နှင့် မုတ်ဆိတ်တော်ကို ဖြီးရန် ဘီး



အာအိရှဟ် (رضي الله عنها)သခင်မသည် တမန်တော်မြတ်၏ ဆံကေသာတော်များကို ဖြီးသင်ဆီလိမ်းပေးလေ့ရှိပါသည်။

၁၂။ တမန်တော်မြတ်(ﷺ)၌ လဲလျောင်းအနားယူသည့်အခါ အသုံးပြုတော်မူသည့် ကွပ်ပျစ်(၁)ခု၊ သားရေခင်း(၁)ခုနှင့် သားရေခေါင်းအုံး(၁)လုံး

**တမန်တော်မြတ်(ﷺ)၏ ကြင်ယာတော်များ**

၁။ ဟဇရသ်ခဒီဂျဟ်(رضي الله عنها)သခင်မ

၂။ ဟဇရသ်အွမ္မေစလ်မဟ်(رضي الله عنها)သခင်မ

၃။ ဟဇရသ်ဆောင်ဒဟ်(رضي الله عنها)သခင်မ

၄။ ဟဇရသ်ဇိုင်နဗ်(رضي الله عنها)သခင်မ

၅။ ဟဇရသ်အာအေရှဟ်(رضي الله عنها)သခင်မ

၆။ ဟဇရသ်ဂျုဝိုင်ရီယဟ်(رضي الله عنها)သခင်မ

၇။ ဟဇရသ်ဟဖ်ဆဟ်(رضي الله عنها)သခင်မ

၈။ ဟဇရသ်ဆွဖီယဟ်(رضي الله عنها)သခင်မ

၉။ ဟဇရသ်မိုင်မူနဟ်(رضي الله عنها)သခင်မ

၁၀။ ဟဇရသ်ဇိုင်နဗ်(رضي الله عنها)သခင်မ

၁၁။ ဟဇရသ်အွမ္မေဟဗီဗဟ်(رضي الله عنها)သခင်မ

**တမန်တော်မြတ်(ﷺ)၏ သမီးတော်များ**

၁။ ဟဇရသ်ဇိုင်နဗ်(رضي الله عنها)သခင်မ

၂။ ဟဇရသ်ရုကိုင်ယဟ်(رضي الله عنها)သခင်မ

၃။ ဟဇရသ်အွမ္မေကုလ်စူမ်(رضي الله عنها)သခင်မ

၄။ ဟဇရသ်ဖာသွေမဟ်(رضي الله عنها)သခင်မဟ်

**တမန်တော်မြတ်(ﷺ)၏ သားတော်များ**

၁။ ဟဇရသ်ကာစင်မ်(رضي الله عنه)သခင်

၂။ ဟဇရသ်အဗ်ဒွလ္လာဟ်(رضي الله عنه)သခင်

၃။ ဟဇရသ်အိဗ်ရာဟီမ်(رضي الله عنه)သခင်

**တမန်တော်မြတ်(ﷺ)၏ မြေးတော်များ**

၁။ ဟဇရသ်ဟစန်(رضي الله عنه)သခင်

၂။ ဟဇရသ်ဟုစိုင်းန်(رضي الله عنه)သခင်

၃။ ဟဇရသ်မိုဟ်စင်န်(رضي الله عنه)သခင်

၄။ ဟဇရသ်အွမ်မေကွလ်စူးမ်(رضي الله عنها)သခင်မ

**တမန်တော်မြတ်(ﷺ)၏ ဘကြီးတော်နှင့်ဦးလေးတော်များ**

၁။ ဟဇရသ်ဟမ်ဇဟ်(رضي الله عنه)သခင်

၂။ ဟဇရသ်အဗ္ဗားစ် (رضي الله عنه)သခင်



၃။ ဟဇရသ်ဟာရိဆ်(رضي الله عنه)သခင်

၄။ အဗူသွာလိဗ်

၅။ အဗ်ဒုလ်မုကောင်ဝင်မ်

၆။ အဗူဂျဟလ်

၇။ ဒွရ်ရားရ်

၈။ အဗူလဟဗ်

**တမန်တော်မြတ်(ﷺ)၏ ခါလာများနှင့် ဖူဖီများ**

၁။ အွမ္မေဟကီးမ်

၂။ ဆွဖီယဟ်

၃။ အိုမိုင်မဟ်

၄။ အရ်ဝဟ်

၅။ ဗရ်ရဟ်

၆။ အာသိကဟ်

**တမန်တော်မြတ်(ﷺ)၏ ညီအစ်ကိုဝမ်းကွဲများ**

၁။ ဟဇရသ်ဂျအ်ဖရ်(رضي الله عنه)သခင်

၂။ ဟဇရသ်အုကိုင်းလ်(رضي الله عنه)သခင်

၃။ ဟဇရသ်အလီ(رضي الله عنه)သခင်

## တမန်တော်မြတ်(ﷺ)၏ ဖခင်ဘက်မှ မျိုးဆက်များ

၁။ အစ်ဒွလ္လာဟ်

၂။ အစ်ဒွလ်မွတ်သွလိဗ်

၃။ ဟာရှင်မ်

၄။ အစ်ဒိမနားဖ်

၅။ ကိုစိုင်းယ်

၆။ မွရ်ရဟ်

၇။ အာမိနဟ်

၈။ ဖာသွေမဟ်

၉။ စလ်မဟ်

၁၀။ အာသိကဟ်

## တမန်တော်မြတ်(ﷺ)၏ မိခင်ဘက်မှ မျိုးဆက်များ

၁။ အာမိနဟ်

၂။ ဝဟ်ဟားဗ်

၃။ အစ်ဒေမနားဖ်

၄။ ဇဟ်ရဟ်

၅။ ကိလားဗ်



## သတင်းကောင်းခံယူရယူ ပုဂ္ဂိုလ်မြတ်(၁၀)ပါး

ဒွန္နယာလောကဌ်ပင် ဂျန္နသီဟု တမန်တော်မြတ်(ﷺ)၏ ရွှေနှုတ်တော်မှ ကောင်းသတင်းပေးတော်မူခြင်း ခံရသူ ဆွဟာဗီ (၁၀)ပါး ရှိပါသည်။ ၎င်းတို့ကို အရှုရဟ် မုဗရှ်ရှုရဟ် ဟုခေါ်ပါသည်။

၁။ ဟဇရသ် အဗူဗကရ်(رضي الله عنه)သခင်

၂။ ဟဇရသ် အုမရ်(رضي الله عنه) သခင်

၃။ ဟဇရသ် အုဆ်မားန်(رضي الله عنه)သခင်

၄။ ဟဇရသ် အလီ(رضي الله عنه) သခင်

၅။ ဟဇရသ် ဇုဗိုင်းရ် ဘင်န် အောင်ဝ်ဝါမ် (رضي الله عنه) သခင်

၆။ ဟဇရသ် အဗူအုဗိုင်ဒဟ် ဘင်န် ဂျရ်ရာဟ် (رضي الله عنه) သခင်

၇။ ဟဇရသ် စအဒ် ဘင်န် အဗီဝက္ကားဆ္ဂ (رضي الله عنه) သခင်

၈။ ဟဇရသ် အစ်ဒွရ်ရဟ်မားန် ဘင်န် အောင်ဝ်ဖ် (رضي الله عنه) သခင်

၉။ ဟဇရသ် သွလ်ဟဟ် ဘင်န် အုဗိုင်ဒွလ္လာဟ် (رضي الله عنه) သခင်

၁၀။ ဟဇရသ် စအီးဒ် ဘင်န် ဇိုင်းဒ် (رضي الله عنه) သခင်

## ထင်ရှားသော ဂဇ်ဝဟ်စစ်ပွဲကြီးများ

၁။ ဗဒရ်

၂။ အုဟုဒ်

၃။ အဟ်ဇားဗ်

၄။ သဗူးက်

၅။ ဟုဒိုင်ဗီယဟ်

**ထင်ရှားသော စရီယဟ်စစ်ပွဲငယ်များ**

၁။ စိုင်ဖွလ်ဗဟာရ်

၂။ ဗီရေမအူနဟ်

၃။ ဖိဒပ်က်

၄။ ဒေါင်မသုလ်ဂျန်ဒလ်

၅။ မူသဟ်

**မက္ကာဟ်ရွှေမြို့တော်အနီးပတ်ဝန်းကျင်ရှိ ထင်ရှားသည့်နေရာများ**

၁။ မီကားသ်

၂။ ဟရာမ်ဝတ်ကျောင်းတော်အနီးဝန်းကျင်

၃။ မတ်စ်ဂျိဒေဟရာမ်ဝတ်ကျောင်းတော်

၄။ အရဖဟ်ကွင်း

၅။ မိနာကွင်း

၆။ မုဇ်ဒလိဖဟ်ကွင်း

၇။ မုဟာတ်စ်စိရ်

၈။ ဗသ့်နေအွရ်နဟ်

၉။ ရှိုင်သွာန်ခဲပေါက်သည့် ဂျမ်ရားသ်ကျောက်တိုင်(၃)ခု



၁၀။ ဂျိုဟ်ဖဟ်

၁၁။ မရ်ရူဇ်ဇဟ်ရားန်

၁၂။ ဂျန္နသွလ်မအ်လာ(သင်္ချိုင်းတော်)

**ဟရာမ်ဝတ်ကျောင်းတော်အတွင်းရှိ ထင်ရှားသည့်နေရာများ**

၁။ ကအ်ဗဟ်ကျောင်းတော်

၂။ ဟဂျ်ရေအပ်စ်ဝဒ်(ကျောက်နက်တုံး)

၃။ မုလ်သဇမ်(ကအ်ဗဟ်၏တံခါး)

၄။ မီဇာဗေရဟ်မသ် (ရေတံလျှောက်)

၅။ ရုက်နေယမာနီ

၆။ ဟသ္သိမ်း

၇။ မကာမေအိဗ်ရာဟီးမ်

၈။ မသွာဖ်(သွဝါဖ်လှည့်ပတ်သည့်နေရာ)

၉။ ဇမ်ဇမ်ရေတွင်း

၁၀။ ဆွဖာတောင်

၁၁။ မရ်ဝဟ်တောင်

၁၂။ ဆွဖာနှင့်မရ်ဝဟ်ကြားရှိ အနည်းငယ်ပြေးရသော အစိမ်းရောင်မျဉ်းနှစ်ခု

**မက္ကဟ်ရွှေမြို့တော်ရှိထင်ရှားသည့် ဇလီဝတ်ကျောင်းတော်များ**

၁။ ဂျင်န်ဇလီ

၂။ ရာယဟ်ဇလီ

၃။ အာအေရှဟ်ဇလီ

၄။ အိဂျာဗဟ်ဇလီ

၅။ ဇီးသုဝါဇလီ

၆။ ခိုင်းဖ်ဇလီ

၇။ နမိရဟ်ဇလီ

၈။ မရှ်အရွှလ်ဟာရာမ်ဇလီ

၉။ အွတ်က်ဗဟ်ဇလီ

၁၀။ ဂျိအ်အိရ်ရာနဟ်ဇလီ

**မဒီနဟ်ရွှေမြို့တော်ရှိ ထင်ရှားသည့် နေရာများ**

၁။ နဗဝီဝတ်ကျောင်းတော်

၂။ ဂျန္နသွလ်ဗကီးအ်(သင်္ချိုင်းတော်)

၃။ အုဟုဒ်တောင်

၄။ ကုဗဟ်ဇလီ

၅။ ဇွလ်ဟုလိုင်ဖဟ်



၆။ ဗဒရ်စစ်မြေပြင်

၇။ ကိဗ်လသိုင်းန်ဇလီ

၈။ ဂမာမဟ်ဇလီ

**နဗဝီဝတ်ကျောင်းတော်၏ အတွင်းပိုင်းရှိ ထင်ရှားသည့်နေရာများ**

၁။ တမန်တော်မြတ်(ﷺ)၏ ရောင်ဇွဟ်တော်

၂။ ထင်ရှားသည့်တိုင်(၇)တိုင် ဟန်နာနဟ်၊ ဟရပ်စ်၊ ဝိုဖူးဒ်၊ အဘူလိုဘာဘဟ်၊ စရီးရ်၊ ဂျိဗ်ရအီးလ်၊ အာအေရှဟ်

၃။ ရိယာဇွလ်ဂျန်နဟ်

၄။ မဲဟ်ရားဗ်

၅။ မင်န်ဗရ်

၆။ ဆွဖ်ဖဟ် (ဆွဟာဗဟ်များထိုင်သည့်နေရာ)

၇။ ဇလီဝတ်ကျောင်းတော်၏ တံခါးကြီးများ

**မဒီနဟ်ရွှေမြို့တော်ရှိ ထင်ရှားသည့်ရေတွင်းများ**

၁။ အရီးစ်

၂။ ဂရ်စ်

၃။ ဘိုဒွါအဟ်

၄။ မပ်စ်စဟ်

၅။ ဘိုင်ရဟာဟ်

၆။ အဟာန်

၇။ ရိမာ

**မက္ကဟ်နှင့်မဒီနဟ်ရှိ ထင်ရှားသည့်တောင်များ**

၁။ အဗီကိုဗိုင်းစ်

၂။ ခန်ဒမဟ်

၃။ စိလအ်

၄။ ကိုင်ကအားန်

၅။ မွန်ဇိရ်

၆။ ဟိရာလှိုဏ်ဂူ

၇။ အုဟုဒ်

၈။ ဆောရ်လှိုဏ်ဂူ

**မိုင်သွလ်မုကဒ်ဒပ်စ်နှင့်အနီးပတ်ဝန်းကျင်ရှိထင်ရှားသည့်နေရာများ**

၁။ အပ်က်ဆွာဝတ်ကျောင်းတော်

၂။ တမန်တော်ဆုလိုင်မာန်၏ စွပ်ခ်ရာကျောက်တုံး

၃။ အပ်က်ဆွာဗလီတံခါးများ

၄။ ဒမိရှ်က်

၅။ တမန်တော်ဆုလိုင်မာန်၏မြင်းဇောင်း

၆။ တမန်တော်အီဆာ၏မွေးရပ်မြေ

၇။ တမန်တော်ဆုလိုင်မာန်၏ကဗ်ရ်



၈။ သွူရ်တောင်

၉။ သူဝါတောင်ထိပ်

၁၀။ စိနာတောင်ထိပ်

**တမန်တော်မြတ်(ﷺ)၏ ခေတ်ကာလ၌ အစ္စလာမ်သာသနာ အတွင်းသို့ ဝင်ရောက်ခဲ့သည့် ဒေသများ**

၁။ မက္ကဟ်

၂။ ဘာရိန်း

၃။ နဂျ်ရားန်

၄။ သွာအိဖ်

၅။ အမ်မားန်

၆။ စွန်အာ

၇။ စွဝါဟိလ်

၈။ ဂျန်ဒ်

၉။ ယသာမာ

၁၀။ ဝါဒီယုလ်ကုရာ

☞ ဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ် (ﷺ)က အောက်ပါအတိုင်း မိန့်ဆိုတော်မူခဲ့သည်။

"ငါကိုယ်တော်၌ အမည်နာမဂုဏ်တော် အမျိုးမျိုးရှိသည်။

ငါကိုယ်တော်၏ အမည်နာမများမှာ မုဟမ္မဒ်၊ အဟ်မဒ်၊ ဟာရှိရ် (လူသားများကို စုစည်းသူ) အာကိဗ် ငါကိုယ်တော်သည် နောက်ဆုံးနဗီဖြစ်သည်။ ငါကိုယ်တော်၏နောက် မည်သည့်နဗီမှ ပွင့်တော်မူမည်မဟုတ်ချေ။

☞ တမန်တော်အာဒမ်(عليه السلام) မဖန်ဆင်းမီကပင် တမန်တော်မြတ်(ﷺ)အား ဖန်ဆင်းခဲ့ပြီးဖြစ်သည်။

☞ အခြားသော ဟဒီးစ်တော်တစ်ရပ်တွင် တမန်တော်မြတ် (ﷺ)က အောက်ပါအတိုင်း မိန့်ဆိုတော်မူခဲ့သည်။

"ငါကိုယ်တော်သည် ပွင့်ပေါ်ခဲ့သမျှ တမန်တော်အပေါင်းတို့၏ အထွတ်အခေါင်ပင်ဖြစ်သည်။ ငါကိုယ်တော်သည် ကြွားဝါ၍ဆိုခြင်းမဟုတ်ပေ။ ကိယာမသ်နေ့တွင် အလ္လာဟ်အရှင်မြတ်နှင့် ဖန်ဆင်းခံတို့၏ကြား စိဖာရိရှ် အသနားခံပေးမည်။ ငါကိုယ်တော်၏ အသနားခံမှုကို အလ္လာဟ်အရှင်မြတ်က လက်ခံတော်မူမည်။

**တမန်တော်မြတ်(ﷺ) အတွက် အလ္လာဟ့်အစီအမံတော်**

မြင့်မြတ်တော်မူသော အလ္လာဟ်အရှင်မြတ်က မိမိ၏ ကျမ်းတော်မြတ်ကုရ်အာန်တွင် ဤသို့မိန့်ဆိုတော်မူထားသည်။

၁။ အို နဗီတမန်တော် အသင်သည် အလ္လာဟ်အရှင်မြတ်အား ကြောက်ရွံ့၍ပင်နေပါလေ၊ ထို့အပြင် အသင်သည် ကာဖိရ်တို့၏ ပြောဆိုချက်ကိုလည်းကောင်း၊ မုနာဖိက် အယောင်ဆောင် မွတ်စ်လင်မ်တို့၏ ပြောဆိုချက်ကိုလည်းကောင်း မလိုက်နာပါလေနှင့်။ ကေန်မလွဲ အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်းမဲ့ သိတော်မူသော၊ ဆင်ခြင်တုံတရားနှင့် ပြည့်စုံတော်မူသော အရှင်မြတ်ပင်ဖြစ်တော်မူပေသည်။

၂။ မုဟမ္မဒ်သခင်သည် အသင်တို့ ယောကျ်ားများအနက် မည်သူ တစ်ဦးတစ်ယောက်၏ ဖခင်မျှမဟုတ်ပေ။ စင်စစ်မှာမူကား အလ္လာဟ် အရှင်မြတ်၏ ရစူလ်တမန်တော်သည်လည်းကောင်း၊ နဗီတမန်တော် အပေါင်းတို့ကို အဆုံးသတ်သူသည်လည်းကောင်း ဖြစ်ပေသည်။ အမှန်စင်စစ် အလ္လာဟ်အရှင်မြတ်သည် အရာခပ်သိမ်းတို့ကို အကြွင်း မဲ့ သိတော်မူသော အရှင်မြတ်ပင် ဖြစ်တော်မူပေသည်။

၃။ အို နဗီတမန်တော် ကေန်မလွဲ ငါအရှင်မြတ်သည် အသင့်အား သက်သေအဖြစ်လည်းကောင်း၊ သတင်းကောင်းပြောကြားသူ အဖြစ် လည်းကောင်း၊ သတိပေးနှိုးဆော်သူအဖြစ်လည်းကောင်း စေလွှတ်တော်မူ၏။

၄။ ထို့အပြင် အလ္လာဟ်အရှင်မြတ်ဘက်တော်သို့ ထိုအရှင်မြတ်၏ အမိန့်တော်နှင့် ဖိတ်ခေါ်သူအဖြစ်လည်းကောင်း၊ လင်းဝင်း တောက်ပ သော မီးရှူးမီးတိုင်အဖြစ်လည်းကောင်း စေလွှတ်တော် မူ၏။

၅။ ထိုမှတစ်ပါး အသင်သည် မုအ်မင်န်သက်ဝင်ယုံကြည်သူတို့ အား ၎င်းတို့အပေါ်၌ အလ္လာဟ်အရှင်မြတ်ထံတော်မှ ကြီးကျယ်လှစွာ သော ကျေးဇူးတော်ရှိကြောင်း သတင်းကောင်းပြောကြားပါလေ။

*(စူရဟ်အဟ်ဇာဗ် အာယသ်တော် ၁၊ ၄၀၊ ၄၅၊ ၄၆၊ ၄၇)*

**တမန်တော်မြတ်(ﷺ) ကြိုက်နှစ်သက်သည့် အစားအစာများ နှင့် ပရဆေးများ**

၁။ စမုံနက်

၂။ သံလွင်ဆီ

၃။ ကြက်သွန်နီ

၄။ လိမ္မော်သီး

၅။ သလဲသီး

၆။ ပုလဲ

၇။ ဗူးသီး

၈။ ဥသျှစ်သီး

၉။ မိုးရေ

၁၀။ စပျစ်သီးခြောက်

၁၁။ ပွေးကိုင်း (မိစ်ဝါးကပ်ပြုလုပ်သည်)

၁၂။ ရှာလကာရည်

၁၃။ ရေ

၁၄။ ဖရဲသီး

၁၅။ ငါးကြီးအန်ဖတ်

၁၆။ ဇမ်ဇမ်ရေ



၁၇။ ခနောက်စိမ်း (စုရ်မဟ်)

၁၈။ မုယောစပါး

၁၉။ လော်ဘန်

၂၀။ ဗီးသ်ရွှသ် (ဥတစ်မျိုး)

၂၁။ ပရုပ်လုံး

၂၂။ သခွါးသီး

၂၃။ စွန်ပလွံသီး

၂၄။ ငါးအမျိုးမျိုး

၂၅။ သဖန်းသီး

၂၆။ မုန့်ညင်းစေ့

၂၇။ ကြက်သွန်ဖြူ

၂၈။ ဂျင်း

၂၉။ ဒန်း

၃၀။ ပျားရည်

၃၁။ ဇီးသီး

၃၂။ ဟလာလ်အသားအမျိုးမျိုး

၃၃။ ဟလာလ်နို့အမျိုးမျိုး

၃၄။ မှို

၃၅။ ကတိုး

## တမန်တော်မြတ် (ﷺ) သွားရောက်ခဲ့သည့် စရိးစဉ်များ

| စဉ် | ဂဇ်ဝဟ်စစ်ပွဲ | မွတ်စလင်မ် | ရန်သူ | ဖြစ်ပွားသည့်ဒေသ | ဟိဂျရီခုနှစ်/လ | ရလဒ် |
|---|---|---|---|---|---|---|
| ၁။ | ဝဒါန် | ၂၀၀ | - | ဝဒါန် | (၂) သွဖရ် | ဗနူဇွမ်ရာဟ်တို့ ကတိပေးကြရသည် |
| ၂။ | ဗုဝါးသွ် | ၂၀၀ | ၁၀၀ | ဗုဝါးသွ် | (၂) ရဗီ(၁) | ကုရိုင်ရှ်တို့စစ်ရှုံးသည် |
| ၃။ | အုစိုင်ရာဟ် | ၂၀၀ | - | အုစိုင်ရာဟ် | (၂) ဂျူမာ(၂) | ဗနူဇွမ်ရာဟ်တို့ ကတိပေးကြရသည် |
| ၄။ | ပထမဗဒရ် | ၂၀၀ | - | ဝါဒီစဖ်ရာန် | (၂) ဂျူမာ(၁) | ရန်သူများထွက်ပြေးကြရသည် |
| ၅။ | ဒုတိယဗဒရ် | ၃၁၃ | ၉၅၀ | ဗဒရ် | (၂) ရမဇာန် | မွတ်စလင်မ်များအောင်နိုင်သည် |
| ၆။ | ဗနူကိုင်ကာအ် | မဒီနဟ်မြို့သားများ | ဗနူကိုင်ကာအ်များ | မဒီနဟ် | (၂) ရှော်ဝလ် | ယဟူဒီများနှင့်သဘောတူညီမှုရ |
| ၇။ | ဗနူစုလိုင်မ် | ၂၀၀ | ကုရိုင်ရှ် ၂၀၀ | ကရ်ကရသွလ်ကဒရ် | (၂) ရှော်ဝလ် | ကုရိုင်ရှ်ထွက်ပြေး |
| ၈။ | စဝိုင်းက် | မွတ်စလင်မ်အချို့ | ဗနူစအ်လဗဟ် | ကရ်ကရသွလ်ကဒရ် | (၂) ဇုလ်ဟိဂ်ဂျဟ် | ဗနူစအ်လဗဟ်တို့ထွက်ပြေး |
| ၉။ | ဇီအမရ် | မွတ်စလင်မ် ၄၅၀ | ဗနူစုလိုင်းမ် | ဇီအမရ် | (၃) မုဟာရ်ရမ် | - |
| ၁၀။ | ဗဟ်ရိန်း | ၃၀၀ | ကုရိုင်းရှ် ၂၉၀၀ | ဗဟ်ရိန်း | (၃) ရဗီ(၁) | - |
| ၁၁။ | အုဟုဒ် | ၇၀၀ | ကုရိုင်းရှ် ၂၉၀၀ | အုဟုဒ်တောင် | (၃) ရှော်ဝါလ် | မွတ်စလင်မ်(၇၀)ရှဟီးဒ်ဖြစ် |
| ၁၂။ | ဟမ်ရာအုလ်အစဒ် | ၆၃၀ | ကုရိုင်းရှ် ၂၉၇၀ | ဟမ်ရာအုလ်အစဒ် | (၃) ရှော်ဝါလ် | ကုရိုင်းရှ်တို့ထွက်ပြေး |
| ၁၃။ | ဗနူနဍီရ် | မဒီနဟ်မြို့သားများ | ဗနူနဍီရ်ယဟူဒီ | မဒီနဟ်အနီး | (၃) ရဗီ(၁) | မဒီနဟ်မှ ဗနူနဍီရ်ထွက်ပြေး |
| ၁၄။ | ဇာသွရ်ရိကာအ် | မြင်းစီး ၄၀၀ | ဗနူဂိသွ်ဖာန်/ဗနူစအ်လဗဟ် | ဇာသွရ်ရိကာအ် | (၄) ရှအ်ဗာန် | ဗနူစအ်လဗဟ်ထွက်ပြေး |



## တမန်တော်မြတ် (ﷺ) သွားရောက်ခဲ့သည့် စရိးစဉ်များ

| စဉ် | ဂဇ်ဝဟ်စစ်ပွဲ | မွတ်စလင်မ် | ရန်သူ | ဖြစ်ပွားသည့်ဒေသ | ဟိဂျရီခုနှစ်/လ | ရလဒ် |
|---|---|---|---|---|---|---|
| ၁၅။ | နောက်ဆုံးဗဒရ် | ခြေလျင် ၁၀၀၀ | ကုရိုင်းရှ် ၃၀၀ | ဗဒရ် | (၄) ရှအ်ဗာန် | ကုရိုင်းရှ်မက္ကဟ်မှထွက်ပြေး |
| ၁၆။ | ဒေါင်မသုလ်ဂျန်ဒလ် | ၁၀၀၀ | ဒေါင်မသုလ်ဂျန်ဒ်အုပ်စု | ဒေါင်မသုလ်ဂျန်ဒ် | (၆) ရဗီ(၁) | ရန်သူများထွက်ပြေး |
| ၁၇။ | ဗနူမုစ်သွလပ်က် | ၁၀၀၀ | ဗနူမုစ်သွလပ်က် | မုရိုင်စီ | (၅) ရှအ်ဗာန် | ဗနူမုစ်သွလပ်က်ထွက်ပြေး |
| ၁၈။ | ခန်ဒ်ပ်က် | ၃၀၀၀ | ကုရိုင်းရှ် ၁၀၀၀၀ | မဒီနဟ် | (၅) ရှော်ဝါလ် | ရန်သူများထွက်ပြေး |
| ၁၉။ | ဗနူကုရိုင်ဇွဟ် | ခြေလျင် ၃၀၀၀ | ဗနူကုရိုင်ဇွဟ် ၇၀၀ | မဒီနဟ်အနီး | (၅) ဇွလ်ကာအ်ဒဟ် | ဗနူကုရိုင်ဇွဟ်ထွက်ပြေး |
| ၂၀။ | ဗနူလဟ်ယာန် | ၃၀၀၀ | ဗနူလဟ်ယာန် | ဂွမ်ရာန် | (၆) ဂျူမာ(၁) | ဗနူလဟ်ယာန်ထွက်ပြေး |
| ၂၁။ | ကိရ်ဒ် | ခြေလျင် ၁၄၀၀ | ဗနူဂိသွ်ဖာန် | ကိရ်ဒ် | (၆) ဂျူမာ(၁) | ဗနူဂိသွ်ဖာန်ထွက်ပြေး |
| ၂၂။ | ဟုဒိုင်ဗီယဟ် | - | ကုရိုင်းရှ် | ဟုဒိုင်ဗီယဟ် | (၆) ဇွလ်ကာအ်ဒဟ် | စစ်ပြေငြိမ်းစာချုပ်ချုပ်ဆို |
| ၂၃။ | ခိုင်ဗရ် | ၁၄၀၀ | ခိုင်ဗရ်ရှိယဟူဒီများ | ခိုင်ဗရ် | (၇) မုဟာရ်ရမ် | မွတ်စလင်မ်များအောင်ပွဲခံ |
| ၂၄။ | ဖသ်ဟေမက္ကဟ် | ၁၀၀၀၀ | ကုရိုင်းရှ်နှင့်ဗနူဗကရ် | မက္ကဟ် | (၈) ရမဇာန် | မက္ကဟ်အောင်နိုင်သည် |
| ၂၅။ | ဟုနိုင်န် | ၁၂၀၀၀ | ဟဝါဇင်န်နှင့်ဇကီးဖ် | အောင်သွားစ်ဒေသ | (၈) ရှော်ဝါလ် | မွတ်စလင်မ်များအောင်ပွဲခံ |
| ၂၆။ | သွာအိဖ်ကိုဝန်းရံ | ၁၂၀၀၀ | ဟဝါဇင်န်နှင့်ဇကီးဖ် | သွာအိဖ် | (၈) ရှော်ဝါလ် | မွတ်စလင်မ်များဖယ်ပေးရ |
| ၂၇။ | သဗူးက် | ၄၀၀၀၀ | ရောမ်နှင့်အခြားအုပ်စု | သဗူးက် | (၉) ရဂျဗ် | သဘောတူညီမှုရယူကြ |

မှတ်ချက် - မက္ကဟ်မှမဒီနဟ်သို့ ဟိဂျရဟ်ခရီး၊ အွမ်ရာဟ်အေကဇွာနှင့် ဟဂ်ဂျသုလ်ဝိဒါအ်ခရီးစဉ်များမပါဝင်ပါ။


## အာရေဗျဒေသရှိမြို့များနှင့် ခံတပ်များ








## ဟရပိုင်းန်ရှရိပိုင်းန်မြေပုံ

## HARAM SHARIF SITE PLAN




## ဟရမ်ိုင်းနှင့်ရှရှိုင်းနှင့်မြေပုံ







## အဓိက ဂဇ်ဝဟ်စစ်ပွဲကြီးများဖြစ်ပွားသည့်ဒေသမြေပုံနှင့် မဒီနဟ်မြို့မြေပုံ





## လက်ရှိဆော်ဒီအာရေဗျနိုင်ငံ မြေပုံ

**MODERN MAP**



